# ၁၉၅၉ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်ခြင်း(ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ ၁၉၅၄ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ၏ ပုဒ်မ၄ တွင် "နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် မည်သည့်ကိုယ်ပိုင်ဈေးကိုမဆို" ဆိုသည့် စကားရပ်နောက်၌၊ "ပြည်သူ့အကျိုးအတွက် လိုအပ်ပါက" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်၊ စာမျက်နှာ - ၁၈၉၁။